ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး

(၃၃)ရက်မြောက်နေ့ အစီအစဉ်

[ ၂၆-၅- ၂၀၁၆ ] (ကြာသပတေးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပြည်သူ့လွှတ်တော် အစည်းအဝေး (၃၃)ရက်မြောက်နေ့ အစီအစဉ်ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးစိန်ဟန်၊ ကံမ မဲဆန္ဒနယ်၏ မကွေးတိုင်းဒေသကြီး၊ ကံမမြို့နယ်၊ မဒေးချောင်း မီးရထားလမ်းကူးတံတားသည် ရထားလမ်းနှင့် ကားလမ်းပေါင်း၍ ဆောက်လုပ်ထားရာ ယခုအခါ ကားလမ်းမှာ ပေါက်ပြဲပျက်စီးနေပြီး မိုးရွာသည့်အခါ တံတားပေါ်တွင် ရေများပြည့်နေ၍ မော်တော်ကားများ၊ ဆိုင်ကယ်များသွားလာရန် အန္တရာယ်ရှိနေပါသဖြင့် မိုးမကျမီ အလျင်အမြန် ပြင်ဆင်ပေးရန် ရှိ၊ မရှိနှင့် မရှိပါက မည်သည့်အချိန်ကာလတွင် ပြင်ပေးမည်ကို သိရှိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါက်တာဒေါ်အေးဇင်လတ်၊ ရွှေဘို မဲဆန္ဒနယ်၏ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့တွင် မြို့ရှောင်ကွင်းလမ်း ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်နှစ်အပိုင်းအခြားအတွင်းတွင် ဆောင်ရွက်ပေးနိုင်ပါမည်ကို သိရှိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးဖေသန်း၊ မြေပုံ မဲဆန္ဒနယ်၏ ရခိုင်ပြည်နယ်ရှိ (မင်းပြား–မြေပုံ) မြို့ချင်းဆက်လမ်းပေါ်တွင် ပေ(၁၃၈၀) ရှည်သည့် ကြပ်စင်မြစ်ကူး တံတားတစ်စင်းကို ၂၀၁၄–၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် (၄၉၂.၅) သန်း၊ ၂၀၁၅–၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် (၉၃၈.၅၉၁) သန်း ခွင့်ပြုပြီး တည်ဆောက်ခဲ့ရာ တံတားလုပ်ငန်း တစ်ခုလုံး၏ ၁၇% ခန့်သာ ပြီးစီးသေးကြောင်း သိရှိရပါသဖြင့် (မင်းပြား–မြေပုံ) လမ်းအား ကတ္တရာ လမ်းခင်းမည့်အစီအစဉ်၊ ကြပ်စင်မြစ်ကူးတံတား ဆောက်လုပ်မည့် အစီအစဉ်နှင့် ပြီးဆုံးနိုင်မည့် ခုနှစ်၊ ဤကဲ့သို့ နှစ်ပေါင်းများစွာ အချိန်ယူ တည်ဆောက်နေရခြင်း အကြောင်းအရင်း၊ တံတားပြီးမြောက်ရေး အတွက် လာမည့်ဘဏ္ဍာနှစ်များတွင် ဘတ်ဂျက် ခွင့်ပြုငွေကို တိုးချဲ့ ချပေးရန် အခြေအနေရှိ၊ မရှိတို့ကို သိလိုခြင်း နှင့် စပ်လျဉ်းသည့်မေးခွန်း၊

၆။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက တင်သွင်းသော "အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း" နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၇။ ကချင်ပြည်နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃ ဦး တင်သွင်းသော အရေးကြီးအဆို/ မေးခွန်းတို့နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများက ရှင်းလင်းတင်ပြခြင်း၊

၈။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန် အစည်းအဝေး (၃၃)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၄)ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။